# ပါစကားကာလ ဒုတိယတနင်္ဂနွေနေ့

ရှင်ယောဟန် ၂၀း၁၉ - ၃၁

သောကြာနေ့ကြီးတုန်းက ဖြစ်ပျက်ခဲ့တာတွေ ပြန်စဉ်းစားကြည့်ပါ၊ သခင်ယေရှုနဲ့အတူ အသေခံရမယ်ဆိုရင်တောင် အဆင်သင့်ရှိပါတယ်ဆိုတဲ့ တပည့်တော်ကြီးတွေက သခင်ယေရှုကို လာဖမ်းတဲ့အခါ အကုန်လုံး ထွက်ပြေးခဲ့ကြတယ်။ သခင်ယေရှု အသတ်ခံရတဲ့အခါ သူတို့ စိတ်ပျက်ဝမ်းနည်းကြပြီး သခင်ယေရှု ကြိုတင်မိန့်တော်မူခဲ့တဲ့ "ငါသည် လူအကြီးအကဲတွေလက်ထဲမှာ အပ်နှံခံရမယ်၊ အသေသတ်ခံရမယ်၊ သုံးရက်မြောက်သောနေ့တွင် သေရာမှပြန်ရှင်မယ်ဆိုတာတွေကိုရော မေ့ပျောက်သွားကြပြီ။ အခု သခင်ယေရှု အသတ်ခံရတာနဲ့ သူတို့မျှော်လင်ထားတဲ့ လွှတ်မြောက်ရေး၊ ဘုရားသခင်ရဲ့နိုင်ငံတော်တည်ထောင်ရေးတွေကို မမျှော်လင့်တော့ဘူး။ အခုလည်း တပည့်တော်ကြီးတွေက ကြောက်လို့ အခန်းထဲဝင်ပြီး တံခါးတွေကို ပိတ်ထားကြတယ်။ သူတို့ မလှုပ်နိုင်၊ မသွားနိုင်၊ မပြုံးနိုင်ကြတော့ပါဘူး။

အခု သူတို့ ကြုံတွေ့သိရှိထားတဲ့ သခင်ယေရှုရဲ့အသေခံခြင်းက သူတို့ကို ခွန်အားမပေးတာတော့ သေချာတယ်။ ဒါကြောင့် ကြောက်လို့ ပုန်းနေတာပေ့ါ။ သခင်ယေရှုရဲ့ ကားတိုင်ပေါ်မှာ အသေခံခြင်းက လူတွေကို သနားဂရုဏာထားတယ်ဆိုတဲ့အကြောင်း ပြနေတယ်/သူ့ကို သတ်တဲ့လူတွေကို ခွင့်လွှတ်တယ်၊ ဆုတောင်းပေးတယ်ဆိုတာတွေ သိရတယ်။ သိလို့သာ သိရတာ၊ အခုလို မတရားသဖြင့် အသတ်ခံရတာကို လက်မခံနိုင်ပါဘူး။ ဘာလို့လည်းဆိုတော့ မတရားမှု မှုန်းတီးမှုက အောင်ပွဲခံနေသလို ဖြစ်နေပြီလေ။ တရားတဲ့သူက အသတ်ခံလိုက်ရပြီလေ၊ တရားမျှတတဲ့သူက ရှုံးပြီလေ။ နောက်ဆုံးပြောရရင် သခင်ယေရှုရဲ့သေခြင်းကြောင့် သခင်ယေရှုက သူကြွေကြော်ဟောပြောခဲ့တဲ့ သူဟာ ဘုရားရဲ့သားတော်ပါ ဆိုတာ မမှန်တော့ဘူးလေ။ ကားတိုင်ပေါ်က ယေရှုကို ရဟန်းအကြီးအကဲတွေက ပြောင်လှောင်ပြောဆိုကြသလို "ဤသူသည် သူတစ်ပါးကို ကယ်တင်နိုင်၏။ မိမိကိုယ်ကို မကယ်တင်နိုင်ပါတကား" လို့ သူတို့ ပြောင်လှောင်ပြောတဲ့စကားက မှန်နေသလိုဖြစ်နေပြီလေ။

ဒါကြောင့် ကားတိုင်ပေါ်မှာ အသတ်ခံရရုံလေးနဲ့တော့ သူ့လိုဒုက္ခရောက်သူတွေအတွက်တော့ ဘာမျှ တထူတခြား ဖြစ်လာတာမဟုတ်ဘူး။ ကားတိုင်ပေါ်မှာအသေခံရုံလေးနဲ့တော့ လူတွေအတွက် ဘုရားက တကယ်ရှိမရှိတောင် သံသယ ဝင်မိအုံးမှာပါ။ လောကမှာ မကောင်းမှုက ကောင်းမှုကို အနိုင်ရရတာလဲ။ အဲလိုသာဆိုရင် မတရားတာတွေ ခံရတဲ့အခါ ဘုရားကို အားကိုးမနေကြနဲ့တော့၊ ဘုရားတောင်မှ ကိုယ့်ကိုယ်ကို မကယ်နိုင်လို့ အသတ်ခံလိုက်ရတာ၊ ငါတို့လည်း လောကမှာ မတရားသဖြင့်ခံရရင် ဘုရားကို အားကိုးနေလို့ အပိုပဲ။ ကိုယ်က ကောင်းအောင်နေနေလို့လည်း အပိုပဲ- ကိုယ်ပဲခံရလိမ့်မယ်။ သူချရင် ကိုယ်ကလည်း ပြန်ချ။ ကိုယ့်အားကိုကိုး၊ ကိုယ့်ကောင်းကျိုးပဲ ကိုယ်လုပ်၊ ကိုယ့်ကိုယ်ကိုပဲ ကြည့်၊ ကိုယ့်ကိုယ်ကိုပဲ ချစ်။ အေး . . ဒါဆိုရင် လောကကြီး ပျက်စီးပြီပေ့ါ။ အဲဒါပဲ နတ်ဆိုးက လိုချင်တာ၊ နတ်ဆိုးက အဲ့ဒီလိုပဲ ဖြစ်စေချင်တာ။

ဒါကြောင့် ကားတိုင်ပေါ် အသတ်ခံလိုက်ရတာက ဒီလောက်မဟုတ်ဘူး။ သခင်ယေရှုရဲ့ သေရာမှပြန်ရှင်တာကသာ ဘုရားရဲ့သနားဂရုဏာကို ပိုပြီး ပေါ်လွင်စေတာပါ။ ကားတိုင်ပေါ်မှာ အသေခံတာက ဘုရားက ဘယ်လောက်ချစ်သလဲဆိုတာ မြင်သာပေမဲ့ ဘာမျှ တန်ခိုးမရှိသလိုလို/ကျရှုံးတာလိုလို ဖြစ်နေတော့မှာပေ့ါ။ အခုတော့ သေရာမှပြန်ရှင်နိုင်လို့ သခင်ယေရှု မိန့်တော်မူသမျှ မှန်တယ်၊ သခင်ယေရှု လုပ်ခဲ့သမျှ မှန်တယ်ဆိုတာ ဖော်ပြနေတာပါပဲ။

ယနေ့ ဂရုဏာရှင်ယေရှုပွဲကို ကျင်းပကြပါတယ်။ ဘယ်လို ဂရုဏာပြတာလဲ။ ရှင်ပြန်ထမြောက်တဲ့ယေရှုက တပည့်တော်ကြီးတွေကို အထင်အရှားပြလို့ သေခြင်းဟာ အဆုံးနိဂုံး မဟုတ်ဘူးဆိုတာ ဖော်ပြပေးလိုက်တာပဲ။ အဲဒါကိုက ဘုရားက လူတွေကို ဘယ်လောက် ဂရုဏာထားသလဲဆိုတာ သိသာစေတာပဲ။ ဟုတ်တယ်လေ။ လူတွေ သိထားကြတာက သေတာက အဆုံးနိဂုံးလို့ပဲ သိထားကြတာကိုး၊ အခုတော့ ရှင်ပြန်ထမြောက်တဲ့ယေရှု ကိုယ်တော်တိုင်က လာပြလို့ လူတွေက သိလာကြပြီ ဘာလဲ လူဟာ သေပြီးရင် မပြီးသေးဘူး၊ သေခြင်းက အဆုံးနိဂုံး မဟုတ်ဘူး၊ တစ်နေ့ သခင်ယေရှုလို ကိုယ်ခန္ဓာနဲ့တကွ ပြန်ရှင်မယ်၊ စားနိုင်မယ်၊ သွားနိုင်မယ်ဆိုတာ သေချာပေါက် လာပြတာပဲ။ ဒါ ဘုရားက လူတွေအပေါ် ဂရုဏာထားတာပဲ။ လူတွေကို သေချာစေတယ် လူတွေရဲ့အပြစ်တွေဟာ ခွင့်လွှတ်ခံရမယ်ဆိုတာရောပါ သေချာစေတယ်။ ဒါတွေအားလုံးဟာ လူတွေအပေါ်မှာထားတဲ့ ဘုရားရဲ့ဂရုဏာ မဟုတ်ဘူးလား။

အဲဒါတွေကို တစ်ဆင့်စကားနဲ့ ကြားရစေတာ မဟုတ်ရပဲ သူတို့ကိုယ်တိုင် အခု မြင်ရ၊ ကြားရ၊ ထိတွေ့ရပြီဖြစ်လို့ သူတို့လောက်သေချာတာ မရှိတော့ပါဘူး။ ဒါကြောင့် သခင်ဘုရားက "သင်တို့၌ ငြိမ်းချမ်းခြင်း ရှိပါစေ" လို့ ခဏခဏ နှုတ်ဆက်တာပဲ။ သူက မခွင့်လွှတ်နိုင်ဘူးဆိုရင် အခုလို "ငြိမ်းချမ်းခြင်းရှိပါစေ" လို့ ပြောနေပ့ါမလား။ သခင်ယေရှုက သူ့ရဲ့ ဒဏ်ရာတော်တွေကို ပြတယ်။ တပည့်တော်ကြီးတွေလည်း သခင်ယေရှုရဲ့ဒဏ်ရာတော်တွေကို ကြည့်ခြင်းဖြင့် အခု

သခင်ယေရှုဟာ ဘုရားအဖြစ်အနေနဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိတော့တဲ့ ရှင်ပြန်ထမြောက်တဲ့ကိုယ်ခန္ဓာ ဖြစ်ကြောင်း သိရပြီ၊ လူ့အဖြစ်အနေနဲ့ သံရိုက်ခံရထားတဲ့ ဒဏ်ရာတွေကို အမှတ်တရ သိမ်းထားတာကိုလည်း သိရပါပြီ။ အခုတော့ ရှင်ပြန်ထမြောက်တဲ့ယေရှုကို ကြည့်ခြင်းအားဖြင့် "သြော် . . လောကမှာ ဘယ်လို မကောင်းမှုတွေကပဲ နိုင်နေသယောင်ယောင်မြင်ရပေမဲ့ နောက်ဆုံးတော့ မကောင်းမှုက ကျရှုံးပြီး ကောင်းမှုက အနိုင်ရတာပါလား။ လောကမှာ မတရားမှုက အခု အနိုင်ရနေတယ်လို့ ထင်နေရပေမဲ့ နောက်ဆုံးတော့ တရားမျှတတဲ့လူကပဲ အနိုင်ရတာပါလား၊ နောက်ဆုံးတော့ မုန်းတဲ့လူက ရှုံးပြီး ချစ်တဲ့လူက အနိုင်ရတာပါပဲ" ဆိုတာ သိမြင်လာစေပါတယ်။ သခင်ယေရှုရဲ့ သောကြာနေ့ကြီးတုန်းက ဒဏ်ရာတော်တွေကို အခုထိပြခြင်းအားဖြင့် ဒုက္ခ၊ သေခြင်းနဲ့ သေရာမှပြန်ရှင်ခြင်းက ဆက်တိုက်ဖြစ်တဲ့ဖြစ်ရပ်ဆိုတာ ပြနေပါတယ်။ ဒုက္ခက ရာသက်ပန်မဟုတ်ဘူး၊ သုခဖြစ်မည့် ရှင်ပြန်ထမြောက်ခြင်းကသာ ထာဝရပါ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။